ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်တန်းမြို့

# လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)

# National Community Driven Development Project (NCCDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ဝဲကြီးကျေးရွာ၊ ဝဲကြီးကျေးရွာအုပ်စု

၂၀၁၉ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ......2

၂။ဝဲကြီးကျေးရွာအုပ်စုမြေပုံ......3

၄။ကျေးရွာအခြေခံအချက်အလက်များ......4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်......7

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ......8

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ......20

၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ......23

၉။ ကော်မတီဝင်များစာရင်း......25

၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်......27

၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား......29


၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်......32

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်......35

၁၄။ အစည်းအဝေးမှတ်တမ်းများ......37

၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)......41

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



## ၂။ဝဲကြီးကျေးရွာအုပ်စုမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ဝဲကြီးကျေးရွာ

၂။ကွင်းပေါက်ကျေးရွာ

၃။ညောင်ပိုင်းကျေးရွာ

## **၄။ကျေးရွာအခြေခံအချက်အလက်များ**

### **၁။ကျေးရွာသမိုင်းအကျဉ်း**

ဝဲကြီးကျေးရွာသည် လွန်ခဲ့သောနှစ်(၁၀၀)ကျော် ခန့်က ရွာသို့လူတစ်စု လာရော က်နေထိုင်ကြပြီး မော်ဝန်းချောင်း အတွင်းလှေများကို တိမ်းမှောက်စေနိုင်သော စုပ်ဝဲကြီးတစ်ခု ရှိပါသဖြင့် စုပ်ဝဲကြီးကို အစွဲပြုပြီး ဝဲကြီးကျေးရွာဟု ခေါ်တွင်ပါသည်။ ဝဲကြီးကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြီးပြီး အိမ်ထောင်စု (၃၃၃)စု၊ လူဦးရေ (၁၃၂၁) ယောက်ရှိပါသည်။ ကျောက်တန်းမြို့နှင့် (၉)မိုင် ကွာဝေးပြီး ညောင်ပိုင်းကျေးရွာ၊ ကွင်းပေါက် ကျေးရွာ၊ ဝဲကြီးကျေးရွာ တို့နှင့်(၃)ရွာ တစ်အုပ်စုဖြစ်ပါသည်။ ဝဲကြီးကျေးရွာ၏ အရှေ့မြောက်ဘက်တွင် ညောင်ပိုင်း ကျေးရွာ၊ ရွာ၏ တောင်ဘက်တွင်း မော်ဝန်းချောင်း ရှိပါသည်။ စပါးကို အများဆုံးစိုက်ပျိုးပြီး လယ်သမားအများဆုံး နေထိုင်ကြပါသည်။ လက်လုပ် လက်စားနေ့စားသမားများနှင့် ရေလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျောက်တန်းမြို့သို့ ရေးလမ်း၊ ကုန်းလမ်းများဖြင့်သွားလာနိုင်ပါသည်။

## ၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၃၆၈ | ၆၆၄ | ၆၄၇ | ၁၃၁၁ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၅ | ၃၂ | ၆၅ | ၉၇ |
| မြေယာမဲ့ | ၄၅ | ၄၆ | ၄၈ | ၉၄ |
| မသန်စွမ်း | ၁၀ | ၄ | ၆ | ၁၀ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး၊ ပဲ | ကြက် | ဆိုင်ကယ်၊စက်ဘီးပြင်ဆိုင် | နိုင်ငံခြားသွား |
| | ဝက် | စျေးဆိုင်၊ ကားမောင်း | ရေလုပ်သား |
| | ဘဲ၊ ဆိတ် | | |
| | | | |

## ၅၊ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၁၀၀ | ၁၅ | - | - | ၆ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |

| | | | | | | |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၁ | ၃၅ | ၂ | ၅ | ၃၀ | ၁၁ |

### ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၄၅ | ၄၇ | - | ၃၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၆၊ ၇၁ | ၉၅ | ၂၀ | ၈၀ | ၇ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်း အမြစ်ပြမြေပုံ | ၁၁-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၁ | ၈ | ၁၉ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၁-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၃ | ၂၁ | ၃၄ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ၊ဝမ်းစာဖူလုံမှုနှင့်ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၁-၁၀-၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၆ | ၁၄ | ၃၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၁-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၁၁ | ၁၂ | ၂၃ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၁၁-၁၀-၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၆ | ၁၄ | ၃၀ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၁-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၂ | ၁၈ | ၃၀ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်





### သုံးသပ်ချက်

ဝဲကြီးကျေးရွာတွင်အိမ်ခြေ (၂၀၂) အိမ်ရှိ၍ အိမ်ထောင်စု (၃၆၈) စု ရှိပါသည်။ လူဦးရေပေါင်း (၁၃၁၁)ဦး ရှိပါသည်။ ကျေးလက်ဆေးပေးခန်း တစ်ခုရှိပါသည်။ ရေကန်စုစုပေါင်း (၅) ကန်ရှိ၍ သောက်သုံးရေသည် နွေရာသီတွင် လုံလောက်မှုမရှိပါ။ စေတီနှင့် ဘုန်းကြီးကျောင်း(၁)ကျောင်း တည်ရှိသည်။ အလယ်တန်းစာသင်ကျောင်း တစ်ကျောင်း လည်းရှိပါသည်။ ချောင်းရှိ၍ ရေစီးရေလာကောင်းမွန်ပါသည်။ အိမ်ခြေများမှာ ရွာအရှေ့ပိုင်းတွင် (၆၁) အိမ် ၊ အနောက်ပိုင်းတွင် (၅၁) အိမ် ၊ ကွင်းထဲတွင်(၉၂) အိမ်ရှိပါသည်။ လယ်ယာလုပ်သူအများစုသည် ကွင်းထဲတွင် နေထိုင်ကြပါသည်။

ရွာတွင်းလမ်းများသည် ကွန်ကရစ်လမ်းများဖြစ်ပြီး အများစုမှာ ပျက်စီးနေ ပါသဖြင့် စီမံကိန်းအစတွင် စတင်၍ ပြင်ဆင်ခဲ့ပါသည်။ စီမံကိန်းပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်းတွင် လမ်းတစ်ချို့အား ကွန်ကရစ်လမ်းများ ခင်းပြီးခဲ့ပါသည်။ တတိယနှစ်စက်ဝန်းတွင် အရေးတကြီးလိုအပ်လာသော ဆေးရုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဘုရားလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၊ ထောက်ပံ့ငွေပိုလျှံ ပါကရေကန်ခြံစည်းရိုးများကို ခြံစည်းရိုးခတ်ခြင်းကို ဆက်လက်၍ ဆောင်ရွက်ခဲ့ပါသည်။ စတုတ္ထနှစ်စက်ဝန်း တွင် လက်တလောလိုအပ်ချက်အရ မူကြိုကျောင်းတည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေးစနစ်ဖြင့် ပြန်လည်ရွေးချယ်ပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



## သုံးသပ်ချက်။

ဝဲကြီးကျေးရွာတွင် အလွန်ပြေလည်သောအဆင့်၊ ပြေသောအဆင့်၊ အလွန်နွမ်းပါးသောအဆင့်ဟူ၍ သုံးမျိုးသတ်မှတ်ထားပါသည်။

ပြေလည်သောအဆင့်တွင် လယ်ဧက (၁၅)နှင့်အထက် ၊ထွန်စက်၊ ရိတ်စက်၊ ကား၊ဆိုင်ကယ်၊ တိုက်အိမ်၊ ဆန်စက်၊ ချေလှေ့စက် တို့ကို ပိုင်ဆိုင်ကြပြီး အိမ်ထောင်စု (၁၅)ခန့် ၊ ရာခိုင်နှုန်းအားဖြင့် (၄.၀၇%)ခန့်သာရှိပါသည်။

အလယ်အလတ်အဆင့်တွင် လယ်ဧက (၁၅) အောက်၊နွားပုံ၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ စက်ချုပ်စက်၊ သွပ်မိုးပျဉ်ကာ၊ နွား၊ တို့ကို ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စု (၁၇၃) ၊ ရာခိုင်နှုန်းအားဖြင့် (၄၇%) ရှိပါသည်။

နွမ်းပါးသောအဆင့်တွင် ဝါးခနီအိမ်၊ ခနီမိုးထရံကာ ၊လက်လုပ်လက်စား၊ ဘောက်အလုပ်သမားများ ပျဉ်ခင်း၊ စက်ဘီး ၊ တို့ကို ပိုင်ဆိုင်ကြပြီး အများစုမှာ ကူလီလုပ်သားများ ဖြစ်ကြပါသည်။ အိမ်ထောင်စု (၁၈၀) ၊ ရာခိုင်နှုန်းအားဖြင့် (၄၈.၉၃%) ရှိပါသည်။ အလွန်နွမ်းပါးသောအဆင့်တွင် အချို့မှာ အိမ်ပိုင်ခြံပိုင်မရှိကြပါ ။ များသောအားဖြင့် ကြုံရာအလုပ်များကိုသာ လုပ်ကိုင်ကြပြီး ဆိုင်ကယ်များမှာလည်း ကယ်ရီသုံးဘီးများသာ ဖြစ်ပါသည်။

ကျေးရွာတွင် အလွန်နွမ်းပါးသော အိမ်ထောင်စုဝင်များပြားရခြင်းမှာ အလုပ်အကိုင်ရှားပါးခြင်း ၊ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြရပြီး ကိုယ်ပိုင်ရင်းနှီးငွေမရှိခြင်း၊ ပညာတတ်မြောက်မှု နည်းပါးခြင်း ကလေးများခြင်းတို့ကြောင့် ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲခြင်း ၊ ၄င်းတို့၏ လိုအပ်ချက်များကို အလေးထားစဉ်းစားပေးခြင်း ၊ စီမံကိန်းမှ ပြုလုပ်ပေးသော လုပ်ငန်းများကြောင့် အလုပ်အကိုင်များ ရရှိလာပြီး ဝင်ငွေများရရှိလာကာ လူနေမှုဘဝများ တဖြည်းဖြည်းမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

## ၃။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။




င

**သုံးသပ်ချက်**

**ရာသီဥတု**

ရာသီဥတုအနေဖြင့်တန်ဆောင်မုန်း၊ တပို့တွဲနှင့် တပေါင်းလများတွင် သာယာ၍ ကဆုန်၊ နယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တော်သလင်းနှင့် သီတင်းကျွတ်လများတွင် မိုးအသင့်အတင့်ရွာပြီး နတ်တော် နှင့်ပြာသိုလများတွင် မှုတပြီး ရာသီဥတုသာယာပါသည်။

**စပါးစိုက်ပျိုးရေး**

စပါးကိုကဆုန်လနှင့် နယုန်လတွင် ထွန်ယက်ပြီး ဝါဆိုတွင်ပျိုး ကျဲကာဝါခေါင်လနှင့် တော်သလင်းလတွင် မြေဩဇာကျွေးကာ သီတင်းကျွတ်လ တန်ဆောင်မုန်းလတို့တွင် ရိတ်သိမ်းကြသည်။

**ပဲစိုက်ပျိုးရေး**

ပဲစိုက်ပျိုးရေးလုပ်ငန်းကို စပါးရိတ်အပြီး တန်ဆောင်မုန်းလတွင် စတင်ထွန်ရက်၍ နတ်တော်လတွင် စတင်ပျိုးကြဲ စိုက်ပျိုးကြပါသည်။ ပြာသိုနှင့် တပို့တွဲလများတွင်မြေဩဇာကျွေး၍ တပေါင်းလတွင် ပဲခူးကြပါသည်။

**ကွမ်းစိုက်ပျိုးရေး**

ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို ရွာတွင်းလူတချို့သာ လုပ်ကိုင်ကြပါသည်။ လုပ်ငန်းကို ဝါခေါင်နှင့် တော်သလင်းလများတွင် စတင်စိုက်ပျိုးကြပြီး သီတင်းကျွတ်လတွင် မြေဩဇာကျွေးကာ တန်ဆောင်မုန်းနှင့် နတ်တော်လများတွင် ခူး၍ရောင်းချကြပါသည်။

**မွေးမြူရေး**

မွေးမြူရေးအနေဖြင့် ငါးမွေးမြူရေးကိုသာ လုပ်ကိုင်ကြသည်။ နယုန်လမှ စတင်တစ်နှစ်ပတ်လုံး မွေးမြူကြပြီး ကဆုန်လတွင် ပြန်၍ ရောင်းချကြပါသည်။

**ရေလုပ်ငန်း**

ရေလုပ်ငန်းအနေဖြင့် ငါးပုတ်သင်နှင့် ငါးပုဏ္ဏားတို့ကို ပိုက်ထောင်၍ လုပ်ကိုင်ကြသည်။ကဆုန်လမှ စတင်၍ ပိုက်ချပြီး တန်ဆောင်မုန်းလအထိ လုပ်ကိုင်ကြသည်။

**ကျန်းမာရေး**

ကျန်းမာရေးအနေဖြင့် ဝါဆိုလနှင့် ဝါခေါင်လတို့တွင် ရာသီအကူးအပြောင်းတို့ကြောင့် တုတ်ကွေးရောဂါများ ဖြစ်လေ့ရှိသည်။

**ပွဲတော်များ**

ပွဲတော်များအနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲတော ်၊ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ တော် ၊နယုန်လတွင် အာရုံဆွမ်းလောင်းပွဲ၊ ဝါဆို၊ဝါခေါင်၊တော်သလင်းလတို့တွင် ဆွမ်းတော်ကြီးတင်ပွဲတော်၊

သီတင်းကျွတ်လတွင်  မီးထွန်းပွဲတော်၊နိဗာန်ဈေးပွဲတော်၊ဆွမ်းတော်ကြီးတင်ပွဲတော်၊တန်ဆောင်မုန်းလတွင် ဘုံကထိန်ပွဲတော်၊တပို့တွဲနှင့် တပေါင်းလတို့တွင် ကျေးရွာဘုရားပွဲတော်များရှိပါသည်။

**ဝင်ငွေ**

ဝင်ငွေအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် လုပ်ငန်းလုပ်နေချိန် ဖြစ်သောကြောင့် ဝင်ငွေနည်း၍ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲနှင့် တပေါင်းတွင် ပဲခူးရာသီဖြစ်သောကြောင့် ဝင်ငွေကောင်းပါသည်။


**၄။ဗင်းပုံစံသုံးသပ်ချက်။**



## သုံးသပ်ချက်

ကျေးရွာအတွင်း လူမှုရေးကိစ္စများတွင် လူမှုရေးအဖွဲ့၊ နာရေးကူညီမှုအသင်းအဖွဲ့၊လူငယ်ပရဟိတ အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့တို့သည် ကျေးရွာ၏လူမှုရေး ကိစ္စများတွင် အဓိကဦးဆောင်နေသည်ကို တွေ့ရပါသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကအဖွဲ့၊ မိဘဆရာအသင်း၊ သံဃာဝေယျာဝစ္စအဖွဲ့တို့ အဓိက ပါဝင်ပြီး မြစိမ်းရောင်အဖွဲ့၊ ပက်မြန်မာ၊ ဟာနာ၊ ဘီဂျီ၊ နံ့ယော့၊ အဖွဲ့တို့သည် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ တို့ချဲ့လုပ်ကိုင်နိုင်ရန်အတွက် ငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာ၏ကိစ္စ မှန်သမျှကို ကူညီဖြေရှင်း လုပ်ကိုင်ပေးပါသည်။ ကျောင်းကော်မတီသည် မြို့နယ်ပညာရေးနှင့် ချိတ်ဆက်ပြီး ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော လုပ်ငန်းများကိုဆောင်ရွက်ပါသည်။ မီးလင်းရေးအဖွဲ့သည် မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက် ဆောင်ရွက်သည်။

၅။ပင့်ကူအိမ်သုံးသပ်ချက်။



## သုံးသပ်ချက်

### အိမ်မှုကိစ္စ

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အချိန်ပြည့် လုပ်ကိုင်နေရသည်ကို တွေ့ရသည်။

### အသင်းအဖွဲ့များတွင်ပါဝင်နိုင်မှု

အမျိုးသမီးများသည် အမျိုးသားများထက် အသင်းအဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

### ကျန်းမာရေးအသိပညာ

အမျိုးသားများသည် အမျိုးသမီးများထက် ကျန်းမာရေး အသိပညာရရှိမှုတွင် ပိုမိုနေသည်ကို လေ့လာတွေ့ရှိရပါသည်။

### ပညာရေး

ပညာရေးတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာသင်ကြားခွင့်ပိုမိုရရှိသည်ကို တွေ့ရပါသည်။

### ဆုံးဖြတ်ပိုင်ခွင့်

အိမ်ထောင်တစ်စု၊ အသင်းအဖွဲ့များတွင် ရှေးရိုးထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများ သည် အမျိုးသားများထက် ဆုံးဖြတ်ပိုင်ခွင့်နည်းနေသေးသည်ကို တွေ့ရှိရပါသည်၊

### ဝင်ငွေရရှိမှု

ကွင်းပေါက်ကျေးရွာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စလုပ်ငန်းများတွင် အချိန်ကုန်နေရသောကြောင့် ဝင်ငွေရရှိသောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း အနည်းငယ်သာ ရှိပါသည်။

### အလုပ်အကိုင်အခွင့်အလမ်း

အမျိုးသမီးများသည် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြခြင်းကြောင့် အမျိုးသားများနှင့်တန်းတူ အခွင့်အလမ်းများရရှိလာသည်ကို တွေ့ရသည်။

### လုံခြုံမှု

ရှေးရိုးထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများသည် အမျိုးသားများထက် လုံခြုံမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





အရင်းအမြစ်သုံးစွဲမှု ပုံစံပြဇယား
ဝဲကြီးကျေးရွာ
၁၁.၁၀.၂၀၁၉
ဝဲကြီးကျေးရွာအုပ်စု
ကျား
မ
ကျား+မ
လယ်ယာမြေ
စာသင်ကျောင်း
ရေတွင်း ရေကန်
လမ်း
စေတီ
တံတား
ဘုန်းကြီးကျောင်း
ဆေးပေးခန်း
မြစ်/ချောင်း
ပါဝင်ဆွေးနွေးသူ
ကျား-၁၂ဦး
မ-၁၈ဦး
စုစုပေါင်း= ၃၀ဦး

## သုံးသပ်ချက်

### အသုံးပြုမှု

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စာသင်ကျောင်း၊လမ်း၊ တံတား၊ ဆေးပေးခန်း တို့ကို အမျိုးသားနှင့် အမျိုးသမီးများအတူတကွ အသုံးပြုကြောင်းတွေ့ရပါသည်။ ရေတွင်းရေကန်၊ လယ်ယာမြေ၊ ဘုန်းကြီးကျောင်း၊ စေတီ၊ မြစ်၊ ချောင်း တို့ကိုအမျိုးသားများသာ အသုံးပြုနေကြ ကြောင်းတွေ့ရပါသည်။

### ထိန်းချုပ်မှု

ဘုန်းကြီးကျောင်း၊ စေတီ၊ မြစ်၊ချောင်း၊ လယ်ယာမြေတို့ကို အမျိုးသား များက အဓိက ထိန်းချုပ်ထားပါသည်။ ကျေးရွာ၏အရင်းအမြစ်များဖြစ်သော လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေတွင်းရေကန် တို့ကို အမျိုးသားနှင့် အမျိုးသမီး အတူတကွ ထိန်းချုပ်သည်ကို တွေ့ရပါသည်။

## ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

### ၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အစည်းအဝေးတွင်အမျိုးသမီးအချိုးညီစွာပါဝင်ရန်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ပြောကြားခဲ့ပါသည်။ပထမအကြိမ်မိတ်ဆက်အစည်းအဝေးတွင်အစည်းအဝေးတိုင်းတွင်အမျိုးသမီးများအချိုးညီစွာတက်ရောက်ရန်ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်လည်းအမျိုးသမီးများမှပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောဆိုခွင့်ရှိကြောင်းကိုလည်းပြောကြားထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများမှတင်ပြဆောင်းဆိုထားသောလုပ်ငန်းတစ်ခုပါဝင်ရမည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းလူထုလုပ်အားဖြင့်ဆောင်ရွက်သောလုပ်ငန်းများဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်အားခများပေးချေရမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်း၏ကဏ္ဍတိုင်းတွင်အမျိုးသမီးများအခန်းကဏ္ဍကိုထည့်သွင်းထားပြီးအမျိုးသား/အမျိုးသမီးခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုရှင်းလင်းပြောကြားမှုများပြုလုပ်ခဲ့ပါသည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ဆပ်ကော်မတီတစ်ခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီထဲတွင်ပါဝင်သောအမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းစသည်တို့ကိုပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ဒုတိယအကြိမ်အစည်းအဝေးတွင်အမျိုးသမီးများသည်မိမိတို့၏လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့၍အခက်အခဲများဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေးရမည့် အချက်များ မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၁၁.၁၀.၂၀၁၉

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ေ ရး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင် သောအချိန်နှင့်နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း များတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ ဆင်းရဲ/ နွမ်းပါး/ ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေး မစတင်မှီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည် းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့ နေရသောအခတ်အခဲများကိုသင်ဆွေးနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးမျာ းဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများ ရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြား ဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များ မှတ်တမ်းတင်ဓာတ်ပုံ



ကော်မတီများ စီမံခန့်ခွဲမှု သင်တန်း ဓာတ်ပုံူ



လူမှုဆန်းစစ်ခြင်းပြုလုပ်နေခြင်း မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ

## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးလှဦးလွင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၂ | ဒေါ်စန်းနု | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၃ | ဦးမြဟန် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၄ | ဦးလှထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ဝင်းသူဇာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးတင့်အောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၇ | ဒေါ်ခင်ငွေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးအေးလွင် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဦးအေးဝင်း | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်အေးမာ | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးကျော်လွင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဒေါ်တင်တင်အေး | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဦးကြည်ရွှင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်သီတာမြင့် | မ | စေတနာ့ဝန်ထမ်း |

| | | | |
|---|---|---|---|
| ၁၅ | ဒေါ်ခင်မျိုးဝေ | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးအုန်းကျော် | ကျား | ကျေးရွာစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက် ကျား-(၉)ယောက်+မ- (၇) ယောက်

**ကျေးရွာအုပ်စု ကော်မတီများ**

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဦးမြင့်စိန် | √ | | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ကွင်းပေါက်ကျေးရွာ |
| ၂ | ဒေါ်ခင်ဝင်းစန်း | | √ | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ညောင်ပိုင်းကျေးရွာ |
| ၃ | ဒေါ်ဖင်မင်းသူ | | √ | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ကွင်းပေါက်ကျေးရွာ |
| ၄ | ဦးလှဦးလွင် | √ | | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ဝဲကြီးကျေးရွာ |
| ၅ | ဒေါ်စန်းနု | √ | | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ဝဲကြီးကျေးရွာ |
| ၆ | ဦးတင်ရွှေ | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | ညောင်ပိုင်းကျေးရွာ |

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်မျိုးသန္တာထွန်း

ရာထူး - လူထုစည်းရုံးရေးမှူး

## ၁၀ ။ပုံစံ-၁။ကျေးရွာအချက်အလက်

### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ဝင်ရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေးမြန်းရမည်။ ထိုအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ထိုအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
| --- | --- | --- |
| ဦးသန့်ဇင်ဦး | ၀၉-၆၉၈၀၇၅၇၅၁ | ဒေါ်မျိုးသန္တာထွန်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| --- | --- | --- | --- |
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ကဒပ္ပုံ | ကဒပ္ပုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
| --- | --- | --- | --- |
| လူမျိုးစု (၁) ဗမာ | ၄၅၈ | ဘာသာ(၁) ဗုဒ္ဓဘာသာ | ၄၅၈ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂၇ | ဘာသာ(၂)------------ | ၂၇ |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |
| အခြား | | | |

| | အရေအတွက် |
| --- | --- |
| မသန်စွမ်းသူများ | ၆ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃၅ |
| စစ်ဘေးရှောင် | – |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၆၂၂ | ၁၀၄၂ | ၁၆၆၄ |
| လူမျိုးစု (၁)--ဗမာ | ၆၀၉ | ၁၀၂၅ | ၁၆၃၄ |
| လူမျိုးစု (၂)---ဟိန္ဒူ | ၁၃ | ၁၇ | ၃၀ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၄၀၅ | ၈၀ | ၄၈၅ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## ၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤ ပုံစံကိုဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်မျိုးသန္တာထွန်း | | | |
| နေ့စွဲ ၁၀-၁၀-၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း<br>ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် | မြို့နယ်<br>ကျောက်တန်းမြို့ | ကျေးရွာအုပ်စု<br>ဝဲကြီး | ကျေးရွာ<br>ဝဲကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀-၁၀-၁၉ | ၁၀-၁၀-၁၉ | ၉၅ | ၁၂၆ | ၂၂၁ | ၂၂၁ / ဗမာ | ၃၆၈ | ၆၀.၀၅% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁-၁၀-၁၉ | ၁၁-၁၀-၁၉ | ၉၈ | ၁၂၀ | ၂၁၈ | ၂၁၈ / ဗမာ | ၃၆၈ | ၅၉.၂၄% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄-၁၀-၁၉ | ၁၄-၁၀-၁၉ | ၃ | ၃ | ၆ | ၆ / ဗမာ | ၆ | ၁၀၀% |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖေါ်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့် အစည်းအဝေး | ၄.၁၂.၁၉ | ၄.၁၂.၁၉ | ၄၂ | ၄၇ | ၈၉ | ၈၉ ၊ ၆၀၀ | ၃၆၈ | ၂၄. | % |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
|---|---|---|---|---|---|---|---|---|
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | ၊ | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | ၊ | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | ၊ | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | ၊ | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | ၊ | | |

## ၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ***လမ်းညွှန်ချက်။*** *အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရန်အောင် ဖြည့်သွင်းရမည်။* |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မျိုးသန္တာထွန်း |

| နေ့စွဲ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) |
|---|---|
| ၁၁.၁၀.၂၀၁၉ | ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့နယ် | ဝဲကြီး | ဝဲကြီး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ရေကန်မြောင်းတူးများ ပျက်စီးနေခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |
| နားနေရန် နေရာမရှိခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |
| ကိုယ်ပိုင်ရင်းနှီးငွေမရှိခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| အများသုံးအိမ်သာမရှိခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| ကျေးရွာဘက်စုံသုံးခန်းမဆောင်မရှိခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ကျေးရွာတွင် ပညာသင်ကြားရာတွင်ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ကလေးများကစားရန်နေရာမရှိခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |

မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ☐ ကျား ☐မ ☒ကျား+ မ |
| ရေကန်(ခြံစည်းရိုး)များ ကောင်းမွန်လာစေရန် | ☒ ကျား ☐မ ☐ ကျား+ မ |
| အများသုံး အိမ်သာများ ရှိလာစေရန် | ☐ ကျား ☐မ ☒ကျား+ မ |
| ကလေးကစားကွင်းများ ရှိလာစေရန် | ☐ ကျား ☒မ ☐ ကျား+ မ |
| မူကြိုကျောင်းသစ် ဖြစ်လာစေရန် | ☐ ကျား ☐မ ☒ကျား+ မ |
| ဈေးကား ရွာပိုင် ရှိလာစေရန် | ☐ ကျား ☒မ ☐ ကျား+ မ |
| ဘက်စုံသုံးခန်းမ ဆောင်သစ် ရရှိလာစေရန် | ☐ ကျား ☐မ ☒ကျား+ မ |
| စိုက်ပျိုးရေး နည်းပညာများ ထွန်းကားလာရန် | ☒ ကျား ☐မ ☐ ကျား+ မ |
| စက်ချုပ် သင်တန်းများ ရှိလာစေရန် | ☐ ကျား ☒မ ☐ ကျား+ မ |
| စက်ပြင် သင်တန်းများ ရှိလာစေရန် | ☒ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖေါ်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | မူကြိုကျောင်း ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ပညာရေး | ၁ | ၂၈၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |
| ၂ | ကလေးကစားကွင်း (ကျောင်း) | အမျိုးသမီး | ပညာရေး | ၂ | ၁၅၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |
| ၃ | စာကြည့်တိုက် ပြုပြင်ခြင်း | အမျိုးသမီး | ပညာရေး | ၃ | ၅၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |
| ၄ | ရွာအဝင် ရေထိန်း တံတား ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | | ၄ | ၅၀၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |
| ၅ | အမြင့်တင်ရေစင် တည်ဆောက်ခြင်း | အမျိုးသား | ရေနှင့်ရေ သန့်ရှင်းရေး | ၅ | ၅၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |

| ဦးစား ပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | ဘက်စုံသုံးခန်းမ ဆောင် | အမျိုးသား+အမျိုးသမီး | အဆောက် အဦး | ၆ | ၂၅၀၀၀၀၀ | ၆၆၄ | ၆၄၇ | ၁၃၁၁ |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

သ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| ၂ | ကွန်ပျူတာသင်တန်း | အမျိုးသား+အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| ၃ | ဆိုင်ကယ်ပြင်သင်တန်း | အမျိုးသား | အသက်မွေးဝမ်းကြောင်း |
| ၄ | အထည်ချုပ်စက်ရုံ | အမျိုးသား+အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| ၅ | စိုက်ပျိုးရေး နည်းပညာ သင်တန်း | အမျိုးသား | စိုက်ပျိုးရေး |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဒေါ်ဝင်း[illegible] လက်မှတ် [illegible] နေ့စွဲ 10.10.19

## ၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်  ဝါကြီး

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်ရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ဘုံထည့်ဝင်ငွေဖြစ်ရက် ကို | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | စက်ချုပ်သင်တန်း | ☑ မ<br>☐ ကျား | | |
| | ၂ | ကွန်ပျူတာသင်တန်း | ☑ မ<br>☑ ကျား | | |
| | ၃ | ဆိုင်ကယ်ပြင်သင်တန်း | ☐ မ<br>☑ ကျား | | |
| | ၄ | စိုက်ပျိုးရေး နည်းပညာသင်တန်း | ☐ မ<br>☑ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

## ၁၄။ အစည်းအဝေးမှတ်တမ်းများ

လူထုဖော်ပြီးစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ ဝဲကြီး

ကျေးရွာအုပ်စု ........ ဝဲကြီး

အစည်းအဝေးပြုလုပ်သည့်နေရာ ........ ဝဲကြီး ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၁၀ . ၁၀ . ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ပထမအကြိမ် စီမံကိန်းမိတ်ဆက် အစည်းအဝေး (၁၁:၀၀)မှ (၄:၀၀)အထိ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား ( ၉၅ )၊ မ ( ၁၂၆ ) စုစုပေါင်း ( ၂၂၁ ) ယောက်

ဆွေးနွေးချက် (၁)။ ။ ကျောက်တန်းမြို့နယ် လူထုဖော်ပြီးစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း)အတွက် ပထမအကြိမ် စီမံကိန်းမိတ်ဆက် အစည်းအဝေးကို လူထုစည်းရုံးရေးမှူး ဒေါ်ပျိုးသစ္စာထွန်းနှင့် လက်ထောက် နည်းပညာမှူး ဒေါ်နှင်းဆက်အေးတို့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ၊ အိမ်ထောင်စု ကိုယ်စားလှယ်များနှင့် အတူ ကျင်းပခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်၊ အဓိပ္ပာယ်၊ ရံပုံငွေ ထောက်ပံ့မှု၊ ကျား-မ ရေးရာ အခန်းကဏ္ဍများ နှင့် စီမံကိန်းစက်ဝန်း အကြောင်းကို လူထုစည်းရုံးရေးမှူး ဒေါ်ပျိုးသစ္စာထွန်း မှ ရှင်းပြခဲ့ပါသည်။

(၂)။ ။ လူထုစည်းရုံးရေးမှူး ဒေါ်ပျိုးသစ္စာထွန်းမှ စီမံကိန်းသည် တစ်နှစ်တာအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နေခြင်း မဟုတ်ဘဲ စက်ဝန်းတစ်ခု

ဖြင်းစီသာ စက်ဝန်းအလိုက် ဆောင်ရွက်နေကြောင်းနှင့် စီမံကိန်းစက်ဝန်းတွင် အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ရှိကြောင်း၊ စီမံကိန်းသည် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

(၃)။ ထို့နောက် စီမံကိန်းတွင် အဓိကတာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဆက်လက်ရှင်းပြခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ရာတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်စက်ဝန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သူများမှ ဆက်၍ တာဝန်ယူထမ်းဆောင်ချင်စိတ် ရှိမရှိနှင့် ကျေးရွာလူထုမှ သဘောဆန္ဒများကို မေးမြန်းခဲ့ရာ ဆက်လက် ထမ်းဆောင်စေလိုကြောင်းနှင့် ကာယကံရှင်များ ကိုယ်တိုင် ဆက်၍ တာဝန်ယူဆောင်ရွက်ချင်သဖြင့် ဆက်လက်ပြီး စတုတ္ထနှစ်စက်ဝန်းတွင် တာဝန်ယူဆောင်ရွက်စေခဲ့ပါသည်။

(၄)။ လက်တောက်နည်းပညာမှူး ဒေါ်နှင်းသက်အေးမှ စီမံကိန်းတွင် အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များ အကြောင်း ရှင်းလင်းခဲ့ပါသည်။

အစည်းအဝေးကို (၁၁:၀၀) တွင် စတင်ခဲ့ပြီး (၄:၀၀) တွင် ပြီးဆုံးခဲ့ပါသည်။

ဒေါ်ချိုးသဇ္ဇာထွန်း
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဝဲကြီ

ကျေးရွာအုပ်စု ဝဲကြီး

အစည်းအဝေးပြုလုပ်သည့်နေရာ ဝဲကြီး ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၁၁.၁၀.၂၀၁၉

အစည်းအဝေးပြုလုပ်သည့် [illegible]ရာ ဒုတိယ [illegible] အစည်းအဝေး၊ ကော်မတီ [illegible] လုပ်ငန်းခွဲများ [illegible]ပြုခြင်း (၁၀:၀၀မှ ၂:၀၀)အထိ

အစည်းအဝေးတက်ရောက်[illegible]ရ၊ ကျား (၉၈)၊ မ (၃[illegible]) [illegible]စုပေါင်း (၁၂၈) ယောက်

ရည်ရွယ်ချက်။ ။ ဒုတိယ အကြိမ် အ[illegible] အဝေး၊ ကော်မတီရွေးချယ်ခြင်းနှင့် လုပ်ငန်းခွဲများ အတည်ပြုခြင်း.

ဆွေးနွေးချက်။ ။ အစည်းအဝေး စတင်ချိန်တွင် လက်ထောက် နည်းပညာမှူး ဒေါ်နှင်းသက်အေးမှ အကျိုးဝင် [illegible]လုပ်ငန်းများနှင့် အကျိုးမဝင်သော လုပ်ငန်းများ အ[illegible]ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ လုပ်ငန်း[illegible]ခွဲများ ရွေးချယ်[illegible]အတည်ပြုရန် ရွေးချယ်ရာတွင် ယာခင်းနှစ် ဦးစား[illegible] အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက်ရောက်လာသူများ အားလုံးမှ သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ဆွေးနွေးချက် (၂)။ ။ ကျေးရွာကော်မတီဝင် များ ရွေးချယ် အတည်ပြုရန် လူထုစည်းရုံးရေးမှူး ဒေါ်မျိုးသန္တာထွန်းမှ ကော်မတီဝင် များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

ကျေးရွာမှ ရပ်မိရပ်ဖများ ၊ အစည်းအဝေး တက်ရောက်လာသော အိမ်ထောင်စု ကိုယ်စားလှယ်များမှ ယခင်နှစ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များအား ဆက်လက်၍ ထမ်းဆောင်စေလိုကြောင်း ဆန္ဒပြုသဖြင့် ၎င်းကော်မတီဝင်များအား ယခုနှစ်တွင် တာဝန်ဆက်၍ ထမ်းဆောင်လိုစိတ်ရှိမရှိ မေးမြန်းခဲ့ရာ ၎င်းတို့ကိုယ်တိုင် ဆက်၍ ထမ်းဆောင်ပေးမည် ဖြစ်ကြောင်း အားလုံးမှ သဘောတူညီ၍ ဆန္ဒပြုခဲ့ပါသည်။ တာဝန်ဆက်လက် ထမ်းဆောင်ပေးသော ကော်မတီဝင်များအား ကျေးဇူးတင်ကြောင်းပြောဆို၍ အစည်းအဝေးကို (၂း၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

ဒေါ်မျိုးသန္တာထွန်း
ရှုထုစည်းရုံးရေးမှူး

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ၁၁.၁၀.၂၀၁၉ ကျေးရွာ- ဝဲကြီးVDP

ရက်စွဲ- ၁၁.၁၀.၂၀၁၉ မြို့နယ်- ကျောက်တန်း ကျေးရွာအုပ်စု- ဝဲကြီး

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း
  (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုရေး၊ထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း
  (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-